မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 6 , 2025 Volume 88, Number 4

၆.၃.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၇.၂၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၅.၆၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၈.၉၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၀.၆၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်ပမှတင်သွင်းလာသော ဘိလပ်မြေတန်ချိန် (၃၀၀၀) ရန်ကုန်မြို့သို့ရောက်ရှိလာ၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရန်ဆောင်ရွက်နေ



ပြည်ပမှတဆင့် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်သွင်းလာသော ဘိလပ်မြေများ ရန်ကုန်မြို့၊ ရွှေပြည်သာ ရွှေမဲဆိပ်ကမ်းသို့ ရောက်ရှိလာရာ ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်မှာ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်း ဆောက်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်းလိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုအား အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိခြင်းဖြစ်သည်။

ထိုသို့ တင်သွင်းခွင့်ပြုလျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေတန်ချိန် (၃၀၀၀) တင်ဆောင်လာသည့် ရေယာဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေမဲဆိပ်ကမ်းသို့ မတ် (၄) ရက် ညနေပိုင်းက ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြည်ပမှ တင်သွင်းရောက်ရှိလာသော ဘိလပ်မြေများအား မတ် (၅)ရက်မှ စတင်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့် ရေယာဉ်များအပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်းလည်း သိရသည်။

Source: Popular News Journal

## ပြည်ခရိုင်မှာ သံပရာသီးဈေးကွက်ကောင်းပြီး ခြံတိုက်ရိုက်ဈေး တစ်လုံးကို ၃၀၀ အထိ ဈေးရရှိနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်မှာ သံပရာသီးဈေးကွက် ကောင်းနေတာကြောင့် ခြံပိုင်ရှင်တွေအနေနဲ့ သံပရာသီးတစ်လုံးကို ၂၅၀ ကျပ်မှ ၃၀၀ ကျပ်အထိ ဈေးရရှိနေတယ်လို့သိရပါတယ်။

သံပရာသီးက မိုးရာသီမှာ အသီးသီးနှုန်းအားကောင်းပေမဲ့ နွေရာသီမှာတော့ အသီးသီးနှုန်းကျဆင်းတာကြောင့် သံပရာသီး အထွက်နှုန်းနည်းတဲ့အတွက် သံပရာသီးလိုအပ်ချက်များပြီးရောင်းလိုအားနည်းပြီး ဈေးမြင့်တက်လာတာဖြစ်တယ်လို့သိရပါတယ်။ "သံပရာသီးက နွေရာသီမှာ သိပ်မသီးဘူး။ ခုချိန်သီးတဲ့အပင်တွေကတော့ တကယ့်ရှေ့ပါပဲ။ သူကနှစ်ရှည်ပင်ဖြစ်လို့ အရှုံးတော့မရှိပါဘူး။အခုက အလုံးဘယ်လောက်ရှိရှိ လိုက်ဝယ်နေကြတယ်" လို့ သံပရာခြံပိုင်ရှင်တစ်ဦးကပြောပါတယ်။

ပြည်ခရိုင်ထဲမှာသံပရာပင်ခြံစိုက်တောင်သူတွေများပြီး စီးပွားဖြစ် လယ်ကေလိုက် စိုက်ပျိုးကြတာရှိသလို တနိုင်တပိုင် မိသားစုစီးပွားရေးအဖြစ်လည်း စိုက်ပျိုးသူအများအပြားရှိတယ်လို့သိရပါတယ်။

လက်ရှိနွေရာသီကာလမှာ သံပရာသီးရှားပါးတာကြောင့် သံပရာသီးအဝယ်ဒိုင်တွေက စီးပွားဖြစ် သံပရာခြံတွေအပါအဝင် တနိုင်တပိုင်စိုက်ပျိုးတဲ့ခြံတွေအထိ ကွင်းဆင်းကာ ခြံတိုက်ရိုက်ဝယ်ယူနေကြတာဖြစ်တယ်လို့သိရပါတယ်။ "မနေ့ကပဲ အလုံး ၃၀၀ ရောင်းလိုက်ပြီ။ အလုံးကတော့အချောဈေးပေါ့။ ခုကာလက လိုက်စပ်ရောင်းနေစရာမလိုဘူး။ သူတို့က အိမ်အထိခြံအထိ ဆင်းဝယ်နေကြတာ"ဟု သံပရာခြံပိုင်ရှင်ကပြောပါတယ်။

သံပရာသီးဈေးကွက်က လာမဲ့ဧပြီလလောက်အထိ ဆက်တိုက်မြင့်တက်လာမဲ့အခြေအနေရှိကြောင်း၊ မနှစ်က ၂၀၂၄ ခုနှစ်က ဆိုရင် ဧပြီလအကုန်လောက်မှာမှ သံပရာသီးအကြီးတစ်လုံးကို ၃၀၀ ကျပ်ဈေးရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

သံပုရာပင်က နှစ်ရှည်သီးနှံပင်ဖြစ်တဲ့အပြင် စိုက်ပျိုးရေးဆေးအသုံးပြုရမှုလည်းနည်းကြောင်း၊ သံပရာပင်တစ်ပင်ကို စတင် စိုက်ပျိုးချိန်ကနေ ၄ နှစ်အကြာမှာ အသီးစတင်ခူးဆွတ်ရောင်းချရတယ်လို့သိရပါတယ်။

သံပရာသီးက ဆေးဖက်ဝင်တဲ့အတွက် ဆေးဖော်စပ်ရာမှာအသုံးပြုကြသလို မုန့်လုပ်ငန်း၊ ဖျော်ရည်လုပ်ငန်း၊ စားသောက် ဆိုင်စတဲ့ ပြည်တွင်းသုံးလုပ်ငန်းတွေမှာ အသုံးပြုမှုရှိပါတယ်။

**Source: AMIA**

**#Awba**

## ပြည်တွင်းပြည်ပ ဈေးကွက်ဝင် အသင့်စား ငါးရံ့ခြောက်ဖုတ်လုပ်ငန်း



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်သည် မြစ်၊ ချောင်း၊ အင်းအိုင်များပေါများပြီး မြေပြန့်ဒေသဖြစ်ကာ လယ်ယာလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိသော မြို့တစ်မြို့ဖြစ်သည်။

ငါးအစိမ်း ငါးအခြောက်ပြုလုပ်ရာတွင် ငါးရံ့အစို (၁၅) ကျပ်သား၊ (၂၀)ကျပ်သား အကောင်များအား ရွေးချယ်ဝယ်ယူ၍ ခေါင်းဖြတ်၊ အူကိုထုတ်ပြီး ကျောခွဲ၊ ဗိုက်ခွဲ၍ အလယ်ရိုးထုတ်ကာ အပေါ်အရေခွံခွာ၍ ငါးတစ်ကောင်လျှင် ငါးခြောက်မြှောင်းခွဲ၍ အိမ်သုံးဆားအနည်းငယ်နှင့်နယ်ပြီး အမြှောင်းလိုက်ခြောက်အောင် နေလှန်းရသည်။ လေးရက်နေလှန်းပြီးပါက ခြောက်သွေ့သည့် ငါးခြောက်များရရှိသည်။

ငါးရံ့ခြောက်များအား သုံးမိနစ်ခန့်ရေစိမ်ပြီးနောက် ရေကိုစစ်ထားကာ မီးသွေးမီးဖိုများတွင် မီးဖုတ်၍မွလာအောင် ထုရသည်။ ထုမွှာပြီးသော ငါးခြောက်ဖုတ်များကို မီးသွေးမီးဖိုတွင် သံဆန်ခါခံ၍ တစ်ဖန်ပြန်ပြီးမီးကင်ရသည်။ မီးကင်ပြီး ကြွပ်ရွလာသော ငါးခြောက်ဖုတ်များအား ဆီဇလုံထဲသို့ ခေတ္တထည့်၍ ဆီဇလုံမှဆယ်ယူကာ ဆီစစ်ထားသောငါးခြောက်ဖုတ်များကို ထည့်သွင်းမည့် ဘူးအရွယ်အစားအလိုက် ချိန်ခွင်နှင့်ချိန်တွယ်၍ ဘူးထဲသို့ထည့်ပြီး လေလုံအောင် Packing Plastic ဖြင့်

အလုံပိတ်ကာ ဈေးနှုန်းသက်မှတ်ရောင်းချသည်။ ငါးရံ့အစို တစ်ပိဿာ ကုန်ကျစရိတ်မှာ ငွေကျပ် ၁၂,၀၀၀၊ ငါးခွဲလုပ်သားခ၊ နေလှန်းခ၊ မီးဖုတ်ထုသည့် လုပ်သားခ၊ မီးသွေးဖိုး၊ ပဲဆီ စုစုပေါင်းကုန်ကျစရိတ်များ နုတ်၍ တစ်ပိဿာလျှင် တစ်ထောင်နှုန်းခန့် အကျိုးအမြတ်ရရှိကြောင်း လုပ်ငန်းရှင်ထံမှ သိရပါသည်။

ငါးရံ့ခြောက်ဖုတ်လုပ်ငန်းမှာ MSMEs ထုတ်ကုန်အမည်သစ်အနေဖြင့် ပြည်တွင်း/ပြည်ပ ဈေးကွက်ဝေစုရရှိနိုင်ပြီး အလားအလာကောင်းသော ထုတ်ကုန်ပစ္စည်းဖြစ်ကြောင်း သိရပါသည်။

**Source: DOCA(ရောဝတီ)**

## နွေသီးနှံအဖြစ် ကန်စွန်းဥများကို အများဆုံးပြန်လည်စိုက်ပျိုး



ပုသိမ်ကြီးမြို့နယ်၊သံဘို ကျွန်းကျေးရွာတွင် နွေသီးနှံအဖြစ် ကန်စွန်းဥများကို အများဆုံးပြန်လည်စိုက်ပျိုးကြကြောင်းသိရသည်။

ပြီးခဲ့သည့် ဆောင်းစိုက်ရာသီတွင် ကန်စွန်းဥအထွက်နှုန်း ကောင်းပြီး ဈေးကောင်းရရှိခဲ့တာကြောင့် နွေသီးနှံကို လည်း ကန်စွန်းဥကို ဆက်လက်စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ နွေစိုက်ကန်စွန်းဥစိုက်ခင်းများမှာ ဆောင်းစိုက်ထက် စိုက်ပျိုးစရိတ် ပိုမိုကုန်ကျသလို အထွက်နှုန်းလည်း ဆောင်းစိုက်ထက်အထွက်နှုန်း နည်းလေ့ရှိကြောင်း၊ နွေစိုက်တွင် ရေ၊ ဆေး သေချာဂရုစိုက်သုံးစွဲလျှင် အထွက်နှုန်းကောင်းပြီး၊ ရေသေချာမပေးနိုင်ရင် အထွက်နှုန်း ကျဆင်းနိုင်ကြောင်း သံဘိုကျွန်းကျေးရွာမှ ကန်စွန်းဥစိုက်တောင်သူ ဦးခင်မောင်ရင်က ပြောသည်။

"ဆောင်းစိုက်ကန်စွန်းဥများ တူးဖော်ပြီးပြီးချင်းကို မြေပြုပြင်ပြီး နွေသီးနှံအဖြစ် ကန်စွန်းဥများကို ပြန်လည်စိုက်ပျိုးကြပါတယ်။ နွေသီးနှံဆိုတော့ ၁၅ ရက်တစ်ပတ် တစ်ခါရေသွင်း စိုက်ပျိုးရပါတယ်။ ဆောင်းစိုက်သီးနှံထက် စိုက်ပျိုးစရိတ်ပိုကုန်ပါတယ်။ နွေစိုက်က ကန်စွန်းတစ်ဧက ငွေကျပ် ၁၇ သိန်း၊ ၁၈ သိန်းလောက်ကုန်ပါတယ်။ အထွက်နှုန်းကလည်း နွေစိုက် ကန်စွန်းဥက ကုန်ချိန် ၁၇၀၀-၁၈၀၀ လောက်သာရပါတယ်။ နွေစိုက်ကန်စွန်းဥက ရေပေး၊ ဆေးပေးမှန်ရင် ကုန်ချိန်ထွက်ပါတယ်´´ဟု ၎င်းကပြောသည်။

နွေစိုက်ကန်စွန်းဥ စိုက်ခင်းများကို ၁၅ ရက် တစ်ပတ်မှာ အနည်းဆုံးရေတစ်ကြိမ်ပေးပြီး စိုက်ပျိုးရကြောင်း မြေစတင်ပြုပြင်ကတည်းက မြေဩဇာတစ်ခါတည်း ထယ်ကြောင်းထဲထည့်ကျွေးပြီး အပင်အားဆေးကို တစ်ပတ်ချင်း လိုက်ပေးရကြောင်း နွေစိုက်ကန်စွန်းဥမှာရေနှင့်အပင်အာဟာရ ဖြည့်ပေးနိုင်မှသာ အထွက်နှုန်းကောင်းသည်။

ဆောင်းစိုက်ကန်စွန်းဥများ ဖော်ပြီးပြီးချင်း စိုက်ပျိုးသည့် စိုက်ခင်းများမှာ တစ်လသားခန့်ရရှိနေပြီး ၃ လခန့်စိုက်ပျိုးရမည်ဖြစ်သည်။ ကန်စွန်းဥပိုးမကျရောက်အောင် ဆေးဖျန်းပေးရကြောင်း၊ ကန်စွန်းဥပိုးကျရောက်လျှင် တစ်ခင်းလုံးပျက်စီးတတ်တာကြောင့် သေချာစွာ ပြုစုစိုက်ပျိုးရကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကျောက်ဆည်မြို့နယ်၌ ဆီထွက်သီးနှံ ၅၃,၁၈၁ ဧက စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဒေသ တွင်းစားသုံးဆီဖူလုံပိုလျှံရေး နွေ၊ မိုး၊ ဆောင်းရာသီ များတွင် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးလျက် ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆီထွက်သီးနှံပေါင်း ၅၃,၁၈၁ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။



ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် မိုးမြေပဲဧက ၂၈၀၊ ဆောင်းမြေပဲ ၂၉၇ ဧက၊ မိုးနှမ်း ၄၀၅၇ ဧက၊ ဆောင်းနှမ်း ၅၁၃၅ ဧက၊ နွေနှမ်းဧက ၃၀,၀၀၀၊ မိုးနေကြာ ၃၁၄၆ ဧကနှင့် ဆောင်းနေကြာ ၁၀,၂၆၆ ဧက လျာထား စိုက်ပျိုးခဲ့ကြောင်းနှင့် အထွက်နှုန်း မိုးမြေပဲ ၁၁,၇၃၆ တင်း၊ ဆောင်းမြေပဲတင်း ၉၆၄၀၊ မိုးနှမ်း ၅၁,၁၈၃ တင်း၊ ဆောင်းနှမ်း ၆၉,၃၆၃ တင်း၊ နွေနှမ်းမှာ ရိတ်သိမ်းနိုင်ခြင်း မရှိသေးကြောင်းနှင့် မိုးနေကြာ တင်း ၆၄,၉၀၀၊ ဆောင်းနေကြာ ၁၆၇,၂၄၇ တင်းထွက်ရှိသည်။

ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် ဒေသတွင်းစားသုံးဆီဖူလုံရေးနှင့် တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်စိုက်ပျိုးမှုညှိနှိုင်းရေးအဖွဲ့မှ တောင်သူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးဧကများ လျာထားချက်ပြည့်မီကျော်လွန်ရေး ညှိနှိုင်းစိုက်ပျိုးလျက်ရှိကြောင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ ဒေသနှင့်ကိုက်ညီသည့်မျိုးစေ့များ၊ စိုက်နည်းစနစ်များ၊ ရိတ်သိမ်းခြွေလှေ့နည်းများ စနစ်တကျပညာပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်သူများနှင့် ဆက်စပ်သူများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြော်တွေးလျက် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့်ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့်ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့်မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ကုန်သွယ်ရေးစစ်ပွဲများအရှိန်မြင့်လာသည်နှင့်အမျှ စတော့ရှယ်ယာဈေးနှုန်းများ ကျဆင်းလာ

အမေရိကန်သမ္မတက ၎င်း၏အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် ကနေဒါ၊ မက္ကဆီကိုနှင့် တရုတ်နိုင်ငံများအပေါ် သွင်းကုန်ခွန်ချမှတ်ခဲ့ပြီးနောက် တရုတ်နိုင်ငံက အမေရိကန်နိုင်ငံမှ စိုက်ပျိုးရေးသွင်းကုန်များအပေါ် (၁၀) ရာခိုင်နှုန်းမှ (၁၅) ရာခိုင်နှုန်းအထိ တန်ပြန်သွင်းကုန်ခွန် ကောက်ခံမည်ဖြစ်ကြောင်းတုံ့ပြန်ခဲ့သကဲ့သို့ ကနေဒါနိုင်ငံက အမေရိကန်ဒေါ်လာ ဘီလီယံ(၁၀၀) တန်ဖိုးရှိ အမေရိကန်နိုင်ငံမှသွင်းကုန်များအပေါ် သွင်းကုန်ခွန် (၂၅) ရာခိုင်နှုန်း တန်ပြန်ကောက်ခံခဲ့ ပြီး မက္ကဆီကိုသမ္မတကလည်း တန်ပြန်အစီအစဉ်များကို လာမည့်တနင်္ဂနွေနေ့ (၉-၃-၂၀၂၅ ရက်)တွင် ထုတ်ပြန်ကြေညာ သွားမည်ဟု ပြောကြားခဲ့ကြောင်း၊ ကနေဒါနိုင်ငံမှ တန်ပြန်သွင်းကုန်ခွန် ချမှတ်ခဲ့မှုအပေါ် အမေရိကန်သမ္မတက ကနေဒါနိုင်ငံမှ ချမှတ်သည့်ပမာဏအတိုင်း အမေရိကန် နိုင်ငံက သတ်မှတ်ကောက်ခံသွားမည်ဟု ၎င်းပိုင် “TruthSocial” လူမှုကွန်ရက်၌ ရေးသား တုံ့ပြန်ခဲ့ပါကြောင်း၊ အမေရိကန်စတော့ရှယ်ယာဈေးကွက်ရှိ အညွှန်းကိန်းများသည် ယင်းသို့ သွင်းကုန်ခွန် ကောက်ခံမှုအပေါ် တုံ့ပြန်မှုများရှိခဲ့ကြပြီး Dow Jones Industrial Average အညွှန်းကိန်းသည် (၁ ဒသမ ၆) ရာခိုင်နှုန်း၊ Nasdaq Composite အညွှန်းကိန်းသည် (၀ ဒသမ ၄) ရာခိုင်နှုန်းနှင့် S&P 500 အညွှန်းကိန်းသည် (၁ ဒသမ ၂) ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်း သိရပါသည်။ အမေရိကန် စတော့ရှယ်ယာဈေးကွက်ရှိ အညွှန်းကိန်းများသည် ၃-၃-၂၀၂၅ ရက်မှ စ၍ ကျဆင်းခဲ့ကာ အမေရိကန်နိုင်ငံက ချမှတ်သည့် သွင်းကုန်ခွန်ကောက်ခံမှုအသက်ဝင်သည့် ၄-၃-၂၀၂၅ ရက်အထိ ဆက်လက် ကျဆင်းခဲ့ပြီး မည်သည့်ပမာဏအထိကျဆင်းမည်ကို မခန့်မှန်းနိုင်ကြောင်း၊ ၁၉-၂-၂၀၂၅ ရက်တွင် S&P 500 အညွှန်းကိန်းသည် (၄ ဒသမ ၅) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သော်လည်း သွင်းကုန်ခွန်ချမှတ်မှုများကြောင့် ယခုကဲ့သို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဘဏ္ဍာရေးကဏ္ဍရှိ စတော့ ရှယ်ယာဈေးနှုန်းများသည် ပို၍ကျဆင်းခဲ့ရာ ၄-၅-၂၀၂၅ ရက်တွင် S&P 500 ဘဏ္ဍာရေး အညွှန်းကိန်းသည် (၃ ဒသမ ၅) ရာခိုင်နှုန်း၊ Bank of America အစုရှယ်ယာဈေးနှုန်းသည် (၆ ဒသမ ၃) ရာခိုင်နှုန်းနှင့်

JPMorgan Chase အစုရှယ်ယာဈေးနှုန်းသည် (၄)ရာခိုင်နှုန်း၊ ဖိမ်ခံသဘော်လိုင်း ကုမ္ပဏီဖြစ်သည့် Caterpillar အစုရှယ်ယာဈေးနှုန်းသည် (၁ ဒသမ ၆) ရာခိုင်နှုန်း၊ United Airlines အစုရှယ်ယာဈေးနှုန်းသည် (၆)ရာခိုင်နှုန်း၊ မော်တော်ယာဉ် ကုမ္ပဏီများဖြစ်သည့် Stellantis အစုရှယ်ယာဈေးနှုန်းသည် (၄ ဒသမ ၄)ရာခိုင်နှုန်း၊ General Motors အစုရှယ်ယာ ဈေးနှုန်း သည် (၄ ဒသမ ၆) ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း သိရပါသည်။ အမေရိကန်မော်တော်ယာဉ်ကုမ္ပဏီများသည် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံများမှ မော်တော်ယာဉ်အစိတ်အပိုင်းများ ဝယ်ယူလျက်ရှိရာ ယင်းအစိတ်အပိုင်းများအပေါ် သွင်းကုန် ခွန်ပေးရပါက အာရှနှင့်ဥရောပမော်တော်ယာဉ်ကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် Stenllantis ၊ Ford Motor နှင့် General Motors မှ အမှုဆောင်အရာရှိချုပ်များသည် သမ္မတဒေါ်နယ်ထရမ့်၏ အစိုးရအရာရှိများနှင့် မြောက်အမေရိကနိုင်ငံများအပေါ် သွင်းကုန်ခွန်ကောက်ခံမှုနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း၊ ထိုသို့ဆွေးနွေးခဲ့ပြီးနောက် အမေရိကန်-ကနေဒါ-မက္ကဆီကို ကုန်သွယ်ရေးသဘောတူစာချုပ် (U.S.–Mexico–Canada Agreement, USMCA) အရ တင်သွင်းသည့် မော်တော်ယာဉ်များအား သွင်းကုန်ခွန် (၁)လခန့် ဆိုင်းငံ့သွားမည်ဖြစ်ကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ**

## STOCK EXCHANGE (6.3.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Mar. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,007 (Shares) | 22,397,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,100 | 359 | 2,583,800 | 33,109,694 | 238,390 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 2,950 | 2,944 | 8,685,200 | 38,929,150 | 116,788 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,800 | 7,800 | 7,700 | 101 | 777,800 | 10,400,986 | 80,088 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,800 | 1,750 | 3,337 | 5,840,250 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 220 | 637,000 | 12,823,224 | 36,546 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,550 | 1,600 | 1,550 | 1,705 | 2,677,250 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 126 | 498,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,150 | 3,250 | 3,150 | 215 | 697,750 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 6th Mar. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.89 | -0.26 | -0.07% | 356.99 | 359.29 | 356.92 | 9,007 | 22,397,050 | 8 | 675,045 |

**Index chart**



# Market Overview

# Grand Total Trading [Total trading (MB) + Total trading (PLB)]

As of ---

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 10:30 am, 7th Mar. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,423 (Shares) | 3,234,150 (MMK) |

| MYANPIX | 354.45 ▼ 3.44 |
|---|---|
| Total Volume (shares) | 1,423 |
| Total Value (MMK) | 3 mil |
| Listed Company | 8 |
| Market Cap. (MMK) | 668,557 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▼ 100 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,550 | ▼ 50 |
| AMATA | 00007 | 3,950 | ▼ 50 |
| MAEX | 00008 | 3,200 | ▼ 50 |

TIR